Panasonic®

# အသုံးပြုပုံလမ်းညွှန်

## ရေနွေးငွေ့သုံးမီးပူ( အိမ်တွင်အသုံးပြုရန်အတွက်သာ)

မော်ဒယ်နံပါတ် **NI-M300T, NI-M250T**



## မာတိကာ


လုံခြုံရေးကြိုတင်သတိပေးချက် ........ ၁–၇
ပါဝင်သောအစိတ်အပိုင်းများ ........ ၈
မီးပူအသုံးမပြုမီ ........ ၉
ရိုးရိုးမီးပူအဖြစ်အသုံးပြုခြင်း ........ ၁၀
ရေနွေးငွေ့ ရိုးရိုးမီးပူရွေးချယ်ရန်လမ်းညွှန် ........ ၁၃
ရေနွေးငွေ့ပြင်းအားဖြစ်အသုံးပြုပုံ ........ ၁၄
ဒေါင်လိုက်ရေနွေးငွေ့အသုံးပြုခြင်း ........ ၁၅
ရေဖြန်း၍မီးပူတိုက်ခြင်း ........ ၁၅
မီးပူအားထိန်းသိမ်းပုံ ........ ၁၆
အမေးများသောမေးခွန်းများ ........ ၁၉
ပြဿနာဖြေရှင်းချက်များ ........ ၂၀
အသေးစိတ်အချက်အလက်များ ........ ၂၁


ပန်နာဆိုးနစ်မှကုန်ပစ္စည်းများဝယ်ယူအားပေးမှုအတွက်ကျေးဇူးတင်ပါသည်။
ဤပစ္စည်းအားစတင်အသုံးမပြုမီအောက်ပါလုံခြုံရေးလမ်းညွှန်ချက်များအားပြည့်စုံစွာဖတ်၍ရေရှည်အသုံးမပြုနိုင်ရန်သိမ်းဆည်းထားပါ။

# လုံခြုံရေးဆိုင်ရာကြိုတင်သတိပေးချက်များ

အနာတရဖြစ်ခြင်း၊အသက်ဆုံးရှုံးခြင်း၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း နှင့်စည်းစိမ်ဥစ္စာများမထိခိုက်စေရန်အောက်ပါလုံခြုံရေး ကြိုတင်သတိပေးချက်များကိုအမြဲလိုက်နာရပါမည်။

## သတိပေးသင်္ကေတများနှင့်ရှင်းလင်းပြသခြင်း

အောက်ပါသင်္ကေတများ၏အဓိပ္ပါယ်နားမလည်ခြင်းနှင့်လွဲမှားစွာအသုံးပြုနေခြင်းကြောင့်ဖြစ်ပေါ်လာသောထိခိုက်ဒဏ်ရာရရှိမှု၊ ဘေးအန္တရာယ်များနှင့်ပျက်စီးဆုံးရှုံးမှုများကိုအမျိုးအစားသတ်မှတ်ဖော်ပြရာတွင်အသုံးပြုသည်။

| | |
|---|---|
| ⚠ အရေးကြီးသတိပေးချက် | ဖြစ်လာနိုင်သောအန္တရာယ်များသည်အပြင်းအထန်ဒဏ်ရာရခြင်း(သို့) သေဆုံးနိုင်သည်ကိုရည်ညွှန်းသောသင်္ကေတဖြစ်သည်။ |
| ⚠ သတိပေးတားမြစ်ချက် | အန္တရာယ်တစ်ခုသည်အနည်းငယ်ထိခိုက်စေနိုင်ခြင်း(သို့)သင်ပိုင်ဆိုင်သော အရာများပျက်စီးစေနိုင်သည်ကိုရည်ညွှန်းသောသင်္ကေတဖြစ်သည်။ |

အောက်ပါသင်္ကေတသည်စုစည်းလမ်းညွှန်ချက်အမျိုးအစားများကိုသတိပြုမိစေရန်အသုံးပြုသည်။

| | |
|---|---|
| ⊘ | ဤသင်္ကေတသည်အသုံးပြုသူများအားတိတိကျကျဖော်ပြထားသောလုပ်ဆောင်ချက်များမပြုလုပ်ရန်သတိပေးရာတွင်အသုံးပြုသည်။ |
| ! | ဤသင်္ကေတသည်အသုံးပြုသူများစိတ်ချလုံခြုံစွာအသုံးပြုနိုင်ရန်တိတိကျကျဖော်ပြထားသောလုပ်ဆောင်ချက်များကိုလုပ်ဆောင်ရန်သတိပေးခြင်းဖြစ်သည်။ |

## ⚠ အရေးကြီးသတိပေးချက်

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများအားမဖြစ်စေရန်အောက်ပါအချက်အလက်များအားလိုက်နာပါ။

⊘ မီးပူကြိုး(သို့)မီးခေါင်းပျက်စီးနေခြင်း(သို့)မီးပူကျွမ်းခြင်းများပူနေသောအချိန်တွင်အသုံးမပြုပါနှင့်။ ပလပ်ပေါက်မှမီးပူပလပ်ကြိုး လွတ်နေလျှင် အသုံးမပြုပါနှင့်။

⊘ မီးပူအားမီးပလပ်ထိုး၍မထားခဲ့ပါနှင့်။

ရေစိုနေသောလက်ဖြင့်အိမ်ရှိမီးပေါက်များကဲ့သို့မီးပူပလပ်ထိုးခြင်းဖြုတ်ခြင်းမပြုလုပ်ပါနှင့်။

မီးပူကြိုးအားထိခိုက်မိခြင်း၊ပြုပြင်ခြင်း၊အတင်းဆွဲခြင်း၊ကွေးထားခြင်းနှင့်ခွေခေါက်မထားပါနှင့်။မီးပူကြိုးအား လေးလံသောအရာအောက်တွင်ထားခြင်း(သို့)ညှပ်ထားခြင်းများမပြုလုပ်ပါနှင့်။

မီးပူကြိုးအားမီးပူတွင်ပတ်၍မသိမ်းပါနှင့်။

မီးပူကြိုးအားထုံး၍အသုံးမပြုပါနှင့်။

ရေစိုနေသောလက်ဖြင့်မသုံးပါနှင့်။

မီးလောင်လွယ်စေနိုင်သောပစ္စည်းများနှင့်နီးကပ်စွာထား၍မသုံးပါနှင့်။(အရက်ပြန်ကဲ့သို့(သို့)အလားတူအရာများ)

---

မီးပူကြိုးအားပြောင်းလဲခြင်း ၊ပြုပြင်ခြင်း ၊တခြားသောအရာများတပ်ခြင်းမပြုလုပ်ရ။၄င်းကိစ္စများပြုလုပ်ပါက မီးပွားများထွက်ခြင်း(သို့)ပုံမှန်မဟုတ်သောလုပ်ဆောင်ချက်များဖြစ်ပေါ်၍ထိခိုက်ဒဏ်ရာရရှိနိုင်သည်။သက် ဆိုင်ရာဝန်ဆောင်မှုပေးရာဌာနများသို့ပြုပြင်ရန်ဆက်သွယ်ပါ။

---

မီးပူအားရေ(သို့)တခြားအရည်များမဝင်စေနှင့်။မီးပူအားဘုံပိုင်ခေါင်းမှရေတိုက်ရိုက်မထည့်ပါနှင့်။

–ယင်းကဲ့သို့ပြုလုပ်ပါကအတွင်းရှိဆားကစ်ပြားများရှော့ခ်ဖြစ်၍မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများ ဖြစ်နိုင်သည်။

---

အိမ်တွင်းရှိမီးပလပ်ခုံသို့မီးသွယ်တန်းထားမှုအဆမတန်များနေပါကမီးပူကိုမသုံးပါနှင့်။

–အိတ်တွင်းရှိမီးပေါက်တစ်ခုမှမီးပလပ်များအဆမတန်အသုံးပြုထားပါကအပူလွန်ကဲ၍မီးလောင်နိုင်သည်။

# ⚠ အရေးကြီးသတိပေးချက်

မီးပူအားလွှတ်ကျ၍သိသာစွာပျက်စီးခြင်း၊ရေယိုခြင်းများဖြစ်ပါကအသုံးမပြုပါနှင့်။

–ဝန်ဆောင်မှုပေးရာဌာနနှင့်သတ်မှတ်ထားသောသက်ဆိုင်ရာသူများဆီသို့သွားပါ။

---

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများမဖြစ်စေရန်အောက်ပါအချက်များလိုက်နာပါ။

မီးပူတွင်သတ်မှတ်ထားသောလျှပ်စစ်ပမာဏရရှိစေရန်ဆောင်ရွက်ပေးပါ။မီးပလပ်သေချာစွာထိုးပါ။

မီးပူအတွင်းရှိရေလှောင်ကန်အား ရေမဖြည့်မီမီးပလပ်ဖြုတ်ပါ။

---

မီးပလပ်အားဖုန်များမစုပုံစေရန်ပုံမှန်သန့်စင်ပေးပါ။

–မီးပလပ်အားဖြုတ်၍အဝတ်ခြောက်ဖြင့်သုတ်ပါ။

မူမမှန်ခြင်း၊စက်ချို့ယွင်းခြင်းများရှိပါကမီးပလပ်အားဖြုတ်၍အသုံးပြုခြင်းကိုရပ်လိုက်ပါ။ပုံမှန်မဟုတ်ခြင်းဥပမာများ

–မီးပူကြိုး(သို့)မီးပူပလပ်ခေါင်းအလွန်ပူလာခြင်း(သို့)အရောင်ပြောင်းလာခြင်းကြောင့်မီးပူပိတ်သွားခြင်း၊မီးပူပုံစံပျက်သွားခြင်း(သို့)ညှော်နံ့ရခြင်း

–ဝန်ဆောင်မှုပေးရာဌာန(သို့)သက်ဆိုင်ရာဝန်ထမ်းများဆီသို့သွားပါ။

ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ (ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများ အတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။

–မလိုက်နာပါကမတော်တဆထိခိုက်ဒဏ်ရာရရှိနိုင်သည်။

---

မီးပူအားလျှပ်စစ်အောက်ခံပေါ်တွင်သေချာစွာတပ်ဆင်ထားပြီးလျှပ်စစ်အောက်ခံအားညီညာ၍တည်ငြိမ်သောနေရာတွင်ထားပါ။မီးပူအားဒေါင်လိုက်ရေနွေးငွေ့သုံး၍မီးပူတိုက်သောအခါမီးပူကိုသာအသုံးပြု၍အောက်ခံအားညီညာ၍တည်ငြိမ်သောနေရာတွင်ထားပါ။

–မီးပူကိုယ်ထည်အောက်သို့ပြုတ်ကျပါကအောက်ခံပလိပ်ပြားခြစ်ရာများဖြစ်ခြင်း၊အနာတရဖြစ်ခြင်း(သို့)အပူလောင်နိုင်သည်။

---

မီးပူကြီးပျက်စီးသွားပါကထိခိုက်ဒဏ်ရာမရှိစေရန်။သက်ဆိုင်ရာဝန်ဆောင်မှုပေးရာဌာနများ(သို့)သတ်မှတ်ထားသောကျွမ်းကျင်ဝန်ထမ်းထံသို့ပို့ဆောင်ပါ။

–မလိုက်နာပါကမတော်တဆထိခိုက်ဒဏ်ရာရရှိနိုင်သည်။

## သတိပြုရှောင်ကြဉ်ရမည့်အချက်များ

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများအားမဖြစ်စေရန်အောက်ပါအချက်အလက်များအားလိုက်နာပါ။

မီးပူ၏ပူပြင်းသောမျက်နှာပြင်အားမထိရ။(အောက်ခံပလိပ်ပြားနှင့်ပလိပ်ပြားအနီးတစ်ဝိုက်ကဲ့သို့နေရာ)

## ⚠ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

မီးပူအသုံးပြုနေစဉ်ရေနွေးငွေ့(သို့)ရေနွေးငွေ့ပြွန်းအားဖြင့်သုံးနေစဉ်မထိပါနှင့်။

- မီးပူတိုက်သည့်စင်ဖြင့်မီးပူတိုက်နေစဉ်ရေနွေးငွေ့များသည်အောက်ခံဘုတ်ပြားအတွင်းထိုးဖောက်ဝင်ရောက်နိုင်သဖြင့်သင်၏လက်၊ခြေထောက်များအားဘုတ်ပြားအောက်တွင်မထားပါနှင့်။
- မီးပူအားသင်၏လက်၊ဒူးခေါင်း(သို့)တခြားခန္ဓာကိုယ်အစိတ်အပိုင်းများအားဦးတည်မထားပါနှင့်။
- မီးပူတိုက်သည့်စင်ပေါ်မှမီးပူတစ်ခြမ်းထွက်နေလျှင်ရေနွေးငွေ့(သို့)ရေနွေးငွေ့ပြွန်းအားအသုံးမပြုပါနှင့်။
- ခန္ဓာကိုယ်ပေါ်တွင်ဝတ်ထားသောအဝတ်များအားမီးပူမတိုက်ပါနှင့်။

မီးပူအတွင်းသို့ပင်အပ်(သို့)အပ်များ(သို့)အဝတ်တွင်အဝတ်ချုပ်အပ်ထိုးထားခြင်း(သို့)အလားတူအရာများထား၍မီးပူမတိုက်ပါနှင့်။

မီးပူမှမမျှော်လင့်ဘဲရေနွေးငွေ့များထွက်လာနိုင်သဖြင့် မီးပူအောက်ခံပလိပ်ပြားအားသင်(သို့)တခြားသူများအနားတွင်မထားပါနှင့်။

မီးပူအားအဝတ်အထည်များမှအပအခြားအရာများအတွက်မသုံးပါနှင့်။

မီးပူအေးသွားမှသိမ်းဆည်းပါ။

---

မီးပူကြိုးအားပြတ်ရှလွယ်သောအရာများဖြင့်မခွေပါနှင့်။
–မီးပူကြိုးပျက်စီးနိုင်သည်။

ရေနွေးငွေ့ပြွန်းအားခလုတ်အားလျှင်လျှင်မြန်မြန်နှင့်ထပ်ခါထပ်ခါမနှိပ်ပါနှင့်။
–အကယ်၍ထပ်ခါထပ်ခါလုပ်ဆောင်ချက်မှာ ၂စက္ကန့်အတွင်းဖြစ်ပါကရေပူများကြောင့်မီးလောင်ကျွမ်းမှုဖြစ်ပွားနိုင်သည်။

မီးပူအတွင်းသို့ရေမွှေး၊ရှာလကာရည်၊ကော်ရည်၊ကြေးချွတ်ဆေး၊မီးပူတိုက်ရာတွင်အသုံးပြုသည့်ဆေး(သို့)ဓာတုဆေးရည်များမထည့်ပါနှင့်။(သာမန်အပူချိန်ရှိသောရိုးရိုးရေကိုသုံးပါ။)
–ယင်းကဲ့သို့ပြုလုပ်ပါကအပူလောင်ခြင်း(သို့)ပိုမိုညစ်ပတ်လာပြီးမီးပူအားပျက်စီးစေနိုင်ပါသည်။

---

ရေနွေးငွေ့အပူချိန်လျော့ကျလာလျှင်ရေနွေးငွေ့ပြင်းအားသုံးခလုတ်အားအသုံးမပြုပါနှင့်။
–ရေပူများထွက်ပေါ်လာ၍မီးလောင်နိုင်သည်။

---

မီးပူအားအရှေ့အနောက်သို့ပြင်းထန်စွာလှုပ်ရမ်းခြင်း(သို့)စောင်းခြင်း မပြုလုပ်ပါနှင့်။
–ရေပူများထွက်ပေါ်လာ၍မီးလောင်နိုင်သည်။

---

ဈေးမှတခြားမီးပူတိုက်ရာတွင်အသုံးပြုသောပစ္စည်းများမသုံးပါနှင့်။
–မမှန်ကန်သောအသုံးပြုပုံများကြောင့်မီးလောင်ခြင်း(သို့)အဝတ်အစားများပျက်စီးနိုင်သည်။

---

မီးပူအားမြင့်မားသောအပူချိန်(သို့)ရေနွေးငွေ့များမခံနိုင်သောနံရံ(သို့)ပရိဘောဂပစ္စည်းများအနားတွင်အသုံးမပြုပါနှင့်။
–နံရံ(သို့)ပရိဘောဂပစ္စည်းများပျက်စီးနိုင်သည်။

---

ရေလှောင်ကန်အတွင်းရေပူများထည့်မသုံးပါနှင့်။
–ရေပူများဖိတ်စင်၍မီးလောင်နိုင်သည်။

# ⚠ သတိပြုရှောင်ကြဉ်ရန်

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများအားမဖြစ်စေရန်အောက်ပါအချက်အလက်များအား လိုက်နာပါ။

---

စိုစွတ်နေသောအဝတ်များအားရှိုးရှိုး/အခြောက်မီးပူတိုက်သည့်ပုံစံဖြင့်တိုက်ရန်။(ရေဖြန်း၍)

---

အောက်ပါအထည်အလိပ်များမီးပူတိုက်ပါကမသိသာသောနေရာတွင်စမ်းသပ်ကြည့်ခြင်း(သို့)အဝတ်တစ်ခုအပေါ်မှ ထား၍မီးပူတိုက်ခြင်းဖြင့်မီးပူအရာများထင်ခြင်းမှကာကွယ်နိုင်သည်။

–ဈေးကြီးသော(သို့)အထူးပြုလုပ်ထားသောအထည်များ(ကတ္တီပါ၊အက်ခရီလစ်၊နိုင်လွန်၊သိုးမွှေးစသည်)

–အပူချိန်အနိမ့်(သို့)အလယ်အလတ်ဟုသတ်မှတ်ချက်ပါသောအထည်အလိပ်များ(သို့)အနက်ရောင်ပိတ်စများ

---

မီးပူပလပ်ဖြုတ်ရာတွင်မီးကြိုးမှဆွဲဖြုတ်ခြင်းအစား ၊မီးပလပ်ခေါင်းမှကိုင်၍ဖြုတ်ပါ။

–မလိုက်နာပါကမီးကြိုးပြတ်၍မီးကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)လျှပ်စစ်စီးကြောင်းဖြစ်ပွား၍မီးလောင်နိုင်သည်။

---

မီးပူအသုံးပြုခြင်းအားသတိထားဆောင်ရွက်သင့်သည်။

–ရေနွေးငွေ့ထုတ်လွှတ်မှုမှ အပူလောင်ကျွမ်းစေနိုင်ပါသည်။

---

မီးပူတိုက်ပြီးမှရေလှောင်ကန်အတွင်းမှရေများအားကုန်စင်အောင်သွန်ပစ်ပါ။

–မလိုက်နာပါကနောက်တစ်ကြိမ်အသုံးပြုလျှင်အောက်ခံပလိပ်ပြားမှရေများထွက်လာနိုင်သည်။

---

မီးပူအသုံးမပြုပါကမီးပလပ်ဖြုတ်ထားပါ။

–မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများဖြစ်ပွားနိုင်သည်။

# လျှပ်စစ်မီးပူတွင်ပါဝင်သောအစိတ်အပိုင်းများ










- က အပူချိန်ထိန်းညှိမှုမီး
- ခ လက်ကိုင်
- ဂ အပူချိန်ရွေးချယ်ကိရိယာ
- ဃ ရေမွှားဖြန်းရန်ခလုတ်
- င ရေနွေးငွေ့ ပြင်းအားအသုံးပြုရန်ခလုတ်
- စ ရေနွေးငွေ့ ရိုးရိုးရွေးချယ်ကိရိယာ
- ဆ ရေလှောင်ကန်အဖုံး
- ဇ ရေဖြန်းခေါင်း
- ဈ အမြင့်ဆုံးရေအတိုင်းအတာပြအမှတ်
- ည အောက်ခံပလိပ်ပြား
- ဋ အပူချိန်ရွေးချယ်မှုအနေအထားပြအမှတ်
- ဌ ရေလှောင်ကန်
- ဍ မီးပူနောက်ပိတ်
- ပ မီးကြိုး
- ဏ မီးပလပ်
  (မီးပလပ်သည်နိုင်ငံနှင့်ဒေသအလိုက်ပြောင်းလဲနိုင်သည်။)

# အသုံးမပြုမီ

အပူချိန်ရွေးချယ်ကိရိယာတွင်စာလုံးများအစက်များနှင့်ရေငွေ့ငွေ့ပုံစံများပါရှိပါသည်။အစက်များသည်အပူချိန်သတ်မှတ်ချက်၃မျိုးကိုရည်ညွှန်းသည်။

- • အနိမ့်ဆုံးအပူချိန်
- • • အလယ်အလတ်အပူချိန်
- • • • အမြင့်ဆုံး







(ထိုင်ဝမ်)

တချို့အထည်များတွင်ဤအစက်များဖြင့်အပူချိန်မည်မျှဖြင့်မီးပူတိုက်ရန်သတ်မှတ်ထားပါသည်။လိုအပ်ပါကတံဆိပ်ရိုက်ထားသောအင်္ကျီကိုအသုံးပြုပါ။

မှတ်ချက်

- အပူချိန်ထိန်းညှိမီးဖွင့်လိုက်ပိတ်လိုက်ဖြစ်နေခြင်းသည်အောက်ခံပလိပ်ပြား၏အပူချိန်ပြောင်းလဲနေသည်ကိုညွှန်ပြပါသည်။ အပူချိန်ရွေးချယ်သည့်ကိရိယာအားအမြင့်အပူချိန်မှအနိမ့်ဆုံးသို့ပြောင်းရွေးချယ်ပါကအပူချိန်ထိန်းညှိမီးလင်းလာသည်အထိစောင့်ပါ။
- အင်္ကျီပေါ်တွင်မီးပူအားမီးအပူရှိန်ပြင်းပြင်းဖြင့်တင်ထားခြင်း(သို့)မီးပူပေါ်တွင်အင်္ကျီခေါက်တင်ထားခြင်းမပြုလုပ်ပါနှင့်။

# ရိုးရိုးမီးပူအဖြစ်အသုံးပြုနည်း

၁။ ရေနွေးငွေ့ရိုးရိုးရွေးချယ်သည့်ကိရိယာအားရေယိုစိမ့်ခြင်းမရှိစေရန်ရိုးရိုးအနေအထားသို့ပြောင်းပါ။



၂။ ရေနွေးငွေ့၊နွေးငွေ့ပြင်း၊ဒေါင်လိုက်ရေနွေးငွေ့သုံးခြင်းသို့ရေဖြန်းများပြုလုပ်သောအခါရေလှောင်ကန်အတွင်းသို့ရေဖြည့်ပါ။




① ရေလှောင်ကန်အဖုံးဖွင့်ပါ။ပုံတွင်ပြထားသည့်အတိုင်းကိုင်၍ အမြင့်ဆုံးရေချိန်အမှတ်အထိထည့်ပါ။ရေခွက်အသန့်ကိုသုံးပါ။

② ရေချိန်တိုင်းရန်အတွက်မီးပူအားအပိတ်မှထောင်ထားပါ။

③ မီးပူတိုက်နေစဉ်ရေမဖိတ်ရန်ရေလှောင်ကန်အဖုံးကိုသေချာစွာပိတ်ပါ။

မှတ်ချက်

- ရေမဖြည့်မီမီးပလပ်ကိုဖြုတ်ထားရပါမည်။
- ရေလှောင်ကန်အပြည့်ရေမထည့်ပါနှင့်။မီးပူထောင်လျက်ထားစဉ်လေဝင်ပေါက်များမှရေနွေးငွေ့များထွက်လာပါလိမ့်မည်။

၃။ မီးပူအားထောင်လျက်အနေအထားပြုလုပ်ပြီးအပူချိန်ရွေးချယ်သည့် ကိရိယာကိုတွင်ထားပါ။ “O”



(ထိုင်ဝမ်)

၄။ မီးပလပ်ပါ။



၅။ အပူချိန်ရွေးချယ်ပါ။အပူချိန်ရွေးချယ်မှုပြမီးလင်းလာပါလိမ့်မည်။

စာမျက်နှာ၁၀မှရေနွေးငွေ့ရှိးရှိး ရွေးချယ်ကိရိယာလမ်းညွှန်ကိုရည်ရွယ်ပါသည်။

- အပူချိန်ရွေးချယ်မှုပြကိရိယာကိုရေနွေးငွေ့အပြင်ဆုံး(သို့)ရေနွေးငွေ့ပြင်းဖြင့်မီးပူတိုက်လျှင်အမြင့်ဆုံးသို့တင်ပါ။

| မှတ်ချက် |
| --- |
| • အောက်ခံပလိပ်ပြားအပူချိန်မြင့်နေပါကမီးဆက်လင်းမည်မဟုတ်ပါ။ |

၆။ အပူချိန်ရွေးချယ်မှုပြမီးပိတ်သည်အထိ ၂မိနစ်၃မိနစ်ခန့်စောင့်ပြီးအသုံးပြုနိုင်ပါသည်။

အပူချိန်ရွေးနိုင်သောဒိုင်ခွက်ကိုမရွှေ့ပြောင်းဘဲထိန်းထားလျှင်မီးပူတိုက်နေစဉ်ရွေးချယ်ထားသောအပူချိန်ကိုညွှန်ပြသည့်အနေဖြင့်မီးလင်းလာလိုက်မှိတ်လိုက်ဖြစ်နေမည်။

၇။ အသုံးပြုပြီးလျှင်

အပူချိန်ကို “0” သို့ပြောင်း၍မီးပလပ်ဖြုတ်ပါ။







(ထိုင်ဝမ်)

① ရေငွေ့ထွေ့ရှိုးရှိုးရွေးသည့်ကိရိယာကိုရှိုးရှိုးအနေအထားတွင်ထားပါ။မီးပူအသုံးပြုပြီးရှိုးရှိုးအနေအထားမပြောင်းပါကကျန်ရှိနေသောရေများအောက်ခံပလိပ်ပြားသို့ရောက်ရှိလာပြီးနောက်တစ်ကြိမ်အသုံးပြုလျှင်မီးလောင်နိုင်သည်။



② ရေလှောင်မှရေများအားချက်ချင်းသွန်ပါ။မီးပူအတွင်းမထားပါနှင့်။ မီးပူကိုအအေးခံပြီးနောက်ရေအကုန်သွန်ပြီးသောအခါအပူချိန်အမြင့်ဆုံးမှာထား၍မီးပူကို၅မိနစ်ကြာအပူပေးပါ။



မီးပူကြိုးအားမီးပူတွင်မပတ်ပါနှင့်။

③ မီးပူမသိမ်းမီအေးအောင်စောင့်၍အောက်ခံပလိပ်ပြားခြစ်ရာထင်ခြင်းသံချေးတက်ခြင်းသို့စွန်းထင်းခြင်းများမဖြစ်စေရန်မီးပူနောက်ပိတ်မှထောင်လျက်သိမ်းပါ။



# ရေနွေးငွေရိုးရိုး /ရွေးချယ်ရန်လမ်းညွှန်

| | | ရိုးရိုးရွေးချယ်ရန်ကိရိယာ | အကြံပြုချက် |
|---|---|---|---|
| ရိုးရိုး |  | အထည်ပေါ်မူတည်၍ ရွေးချယ်ပါ | ရိုးရိုးပိုလီအက်စတာနှင့်တခြားပါးလွှာသော ပစ္စည်းများ |
| အလယ်အလတ် ရေနွေးငွေ့ |  |  | ရေနွေးငွေ့အနိမ့်ငွေ့အနည်းငယ်သာလိုအပ်သောနူးညံ့၍ပါးလွှာသောအထည်များ |
| အမြင့်ဆုံး ရေနွေးငွေ့ |  |  | ရေနွေးငွေ့ပမာဏများများလိုအပ်သောအထည်များထူထည်းသောအထည်များ(ဥပမာ –အလွယ်တကူမပြန့်နိုင်သောခေါက်ရိုးကျိုးနေသောပစ္စည်းများ) |



(ထိုင်ဝမ်)

အမြင့်ဆုံးရေနွေးငွေ့သုံးသောအခါအပူချိန်ကိုအမြင့်ဆုံးသို့သေချာစွာရွေးပါ။

သတိပြုရှောင်ကြဉ်ရမည့်အချက်များ

အမြင့်ဆုံးရေနွေးငွေ့သုံးသောအခါအပူချိန်ကိုအမြင့်ဆုံးသို့သေချာစွာရွေးပါ။

- ရေနွေးငွေ့အားမိမိခန္ဓာကိုယ်နှင့်တခြားသူအားမရှယ်ပါနှင့်။

| မှတ်ချက် |
|---|
| • ရေနွေးငွေ့မီးပူတိုက်ရန်မီးပူတိုက်စင်ကိုသုံးပါ။ |

# ရေနွေးငွေ့ပြင်းအားသုံးခြင်း

ရေနွေးငွေ့ပြင်းအားစနစ်သည်ရေနွေးငွေ့များများထောက်ပံ့နိုင်သဖြင့်အထည်များ၏အတွင်းပိုင်းအထိရောက်သွားပြီးအလွယ်တကူမပြန့်နိုင်သောခေါက်ရိုးများဖယ်ရှားရန်ကူညီပေးသည်။ရေနွေးငွေ့ ပြင်းစနစ်အားအချိန်ကြာမြင့်စွာအသုံးမပြုလျှင်ယင်းစနစ်အသုံးပြုပြီးမီးပူအတွင်းပိုင်းအားသန့်ရှင်းရန်လိုအပ်ပါသည်။ရေနွေးငွေ့ ပြင်းအားမသုံးမီ မီးပူတိုက်စင်နှင့်အကျီများအဝေးတွင်အကြိမ်များစွာစမ်းသပ်ပါ။အညိုရောင်စွန်းခြင်း(သို့)ရေကွက်များဖြစ်ခြင်းမှကာကွယ်နိုင်ပါသည်။

## ရေနွေးငွေ့ရှိုးရှိုးရွေးသည့်ကိရိယာအားရှိုးရှိုးတွင်ထားပါ။အပူချိန်ရွေးချယ်ကိရိယာကိုအမြင့်ဆုံးထားပါ။

ရေနွေးငွေ့ပြင်းအားခလုပ်ကိုနှိပ်ပါ။



- မီးပူစတင်တိုက်လျှင်ရေနွေးငွေ့ ပြင်းအားခလုပ်ကို ၂စက္ကန့်တစ်ကြိမ်နှိပ်ပေးပြီးရေကွက်များဖြစ်ဖြစ်ခြင်းမှကာကွယ်ပါ။
- ရေနွေးငွေ့နည်းသွားပါကအပူချိန်ထိန်းညှိမှုပြမီးပွင့်၍ပြန်ပိတ်သည်အထိစောင့်ပါ။
- လိုအပ်ပါကအကျီအားဖိပေးပါ။

# ဒေါင်လိုက်ရေနွေးငွေ့အသုံးပြုခြင်း

ပိုကောင်းသောရလဒ်ရရန်ဒေါင်လိုက်မီးပူ
တိုက်လျှင်အဝတ်များကိုချိတ်ဖြင့်ထားပါ။
လိုက်ကာခန်းစည်းများအားချိတ်ဆွဲ၍ရေနွေး
ငွေ့တစ်ကြိမ်မျှဖြင့်မီးပူတိုက်နိုင်သည်။ခန္ဓာကိုယ်
နှင့်ဝေးဝေးထား၍အဝတ်များနှင့်ကပ်ထားပါ။သို့
သော်မထိပါနှင့်။အထည်များကိုတင်းနေအောင်ဆွဲ
ထားပြီးရေနွေးငွေ့ပြင်းအားခလုပ်ကိုခေါက်ရိုးကျိုးနေသော
အဝတ်များကဲ့သို့၂စက္ကန့်တစ်ကြိမ်နှိပ်၍မီးပူတိုက်ပါ။



- ရေနွေးငွေ့နည်းပါကအပူချိန်ထိန်းညှိမှုပြမီးလုံးပွင့်လာပြီးပြန်ပိတ်သည်အထိစောင့်ပါ။

# ရေဖြန်း၍မီးပူတိုက်ခြင်း

ရေဖြန်းခြင်းစနစ်သည်ပုံမှန်အားဖြင့်ခေါက်ရိုးကျိုးနေခြင်းများဖယ်ရှားခြင်းနှင့်စိုထိုင်းမှုပိုလိုအပ်သောအထည်များတွင်
သုံးဝင်သည်။
ရေဖြန်းခြင်းကိုရေနွေးငွေ့(သို့) ရိုးရိုးမီးပူတိုက်လျှင်သုံးနိုင်သည်။မိမိရေဖြန်းလိုသောနေရာသို့ရေ မှုားဖြန်းသည့်ခလုပ်ကိုနှိပ်
၍ဖြန်းနိုင်ပါသည်။

- ရေဖြန်းသည့်စနစ်ချက်ချင်းအလုပ်မ
လုပ်ပါကရေရသည်အထိခလုပ်နှိပ်ပါ။



# မီးပူအားပြုပြင်ထိန်းသိမ်းခြင်း

## ပင်ကိုယ်သန့်စနစ်

၁ စာမျက်နှာ ၈တွင်ဖော်ပြထားသောဘုံပိုင်ခေါင်းမှရေလောင်ကန်အတွင်းရေဖြည့်ပါ။




(ထိုင်ဝမ်)

၂ အပူချိန်ကို “0”တွင်ထားပါ။

၃ မီးပလပ်ထိုးပါ။



၄ အပူချိန်ရွေးချယ်မှုပြကိရိယာကိုအမြင့်ဆုံးထားပါ။




(ထိုင်ဝမ်)

၅ အပူချိန်ရွေးချယ်မှုပြမီးပိတ်သွားလျှင်အပူချိန်ကို“ 0 ”သို့ပြန်ပြောင်းပြီး မီးပလပ်ဖြုတ်ပါ။

၆ မီးပူအားအလျားလိုက်နိမ့်၍ကိုင်ပြီးရေနွေးငွေ့ပြင်းအားခလုပ်ကိုနှိပ်ပါအကြိမ် ၂၂(တစ်စက္ကန့်ကိုနှစ်ကြိမ်နှုန်းဖြင့်) –၃၀ပြုလုပ်ပါ။




(ထိုင်ဝမ်)



၇။ မီးပူအတွင်းတစ်ခုလုံးသန့်စင်စေရန်ဖြည်းညှင်းစွာရမ်းပြီးရေများကိုအောက်ခံပလိပ်ပြားရှိလေဝင်ပေါက်များမှစွန့်ထုတ်ပါ။

၈။ အောက်ခံပလိပ်ပြားမှရေနှင့်ရေနွေးငွေ့များလုံးဝကျမလာသည်အထိပြုလုပ်ပါ။သန့်စင်ခြင်းပြီးသွားပါကရေလှောင်ကန်မှရေများကုန်စင်စေရန်မီးပူကိုပြောင်းပြန်ပြုလုပ်ပေးပါ။

၉။ မီးပလပ်ထိုးပါ။မည်သည့်ခလုပ်မှမနှိပ်ပဲအပူချိန်အမြင့်ဆုံးထား၍၅မိနစ်ခန့်အပူပေးပါ။

၁၀။ အပူချိန်ကို“O”သို့ပြောင်း၍မီးပလပ်ဖြုတ်လိုက်ပါ။

- မီးပူအားနှစ်ပတ်တစ်ခါသန့်ရှင်းပါ။ရေမသန့်ပါကအောက်ခံပလိပ်ပြားရှိရေနွေးငွေ့ထွက်သည့်အပေါက်များအညစ်ကြေးများအလွယ်တကူပိတ်နိုင်ပါသည်။မီးပူအားမကြာခဏသန့်စင်ပေးပါ။
- စာမျက်နှာ ၉တွင်ဖော်ပြထားသည့်လမ်းညွှန်ချက်များအတိုင်းပြုလုပ်ပြီးမီးပူကိုနောက်ပိတ်ပေါ်တွင်ထောင်လျက်အေးအောင်ပြုလုပ်ပါ။

## ထုံးဓာတ်ချေဖျက်မှုစနစ်

မီးပူ၏ရေလှောင်ကန်တွင်ပါဝင်သောထုံးဓာတ်ချေဖျက်ရေးစနစ်သည်ထုံးဓာတ်ပါဝင်မှုပမာဏကိုအမြဲမပြတ်လျှော့ချပေးသည်။၎င်းစနစ်သည်ရေနွေးငွေ့ထုတ်လွှတ်သည့်စနစ်ကိုကြာရှည်စွာဆောင်ရွက်နိုင်ပြီး၊လေပေါက်များပိတ်ခြင်းကိုလည်းကာကွယ်ပေးသည်။

# မီးပူအားပြုပြင်ထိန်းသိမ်းခြင်း

## ▶ မီးပူမျက်နှာပြင်

- မီးပူအားမီးပလပ်ဖြုတ်၍အအေးခံပြီးနောက်အောက်ခံပလိပ်ပြားအားအဝတ်ပါးဖြင့်သုတ်ပါ။ လိုအပ်ပါကဆပ်ပြာမှုန့်အပျော့စားကိုအသုံးပြုပါ။
- မည်သည့်ပြင်းသောသန့်ရှင်းသည့်အရည်များကိုမှအသုံးမပြုပါနှင့်။

## ▶ မီးပူအောက်ခံပလိပ်ပြား

- အောက်ခံပလိပ်ပြားမှခြစ်ရာများနှင့်အခြားအကြွင်းအကျန်များအားအဝတ်ပါးပါးဖြင့်ပွတ်ခြင်းဖြင့်လွယ်ကူစွာဖယ်ရှားနိုင်ပါသည်။
- အောက်ခံပလိပ်ပြားခြစ်ရာများမဖြစ်ပေါ်စေရန်အသုံးပြုပြီးသတ္တုများဖြင့်သန့်ရှင်းခြင်းနှင့်မညီညာသောမျက်နှာပြင်ပေါ်တွင်မီးပူချထားခြင်းမပြုပါနှင့်။
- မီးပူကိုအပူပေးပြီးဖယောင်းနွမ်းသောအဝတ်ဖြင့်ပွတ်ခြင်းသည်မီးပူအောက်ခံပလိပ်ပြားမှအကြွင်းအကျန်များကိုရှင်းထုတ်ရန်အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။

**မှတ်ချက်**

- မီးပူ၏လုပ်ဆောင်ချက်များအားပျက်စီးစေနိုင်သောရေနွေးငွေ့မီးပူသန့်စင်ဆေးရည်ထည့်၍အသုံးမပြုပါနှင့်။မီးပူအစပိုင်းအသုံးပြုလျှင်အနံ့တစ်မျိုးရနေပါလိမ့်မည်။သို့သော်အကျိုးများကိုအနံ့မစွဲပါ။ရေနွေးငွေ့မီးပူသုံးအမွှေးဆီများသည်မီးပူ၏လုပ်ဆောင်ချက်များကိုထိခိုက်စေနိုင်သဖြင့်အသုံးမပြုပါနှင့်။

# အမေးများသောမေးခွန်းများ

| မေးခွန်း | အဖြေ |
|---|---|
| ဘာကြောင့်တချို့အင်္ကျီများမီးပူတိုက်ပြီးလျှင်အညို ရောင်ပြောင်းသွားသနည်း။ ► | အဝတ်လျှော်ဆပ်ပြာများအဝတ်အထည်များတွင် ကျန်ရှိနေခြင်းကြောင့်အဝတ်များအညိုရောင်ပြောင်းသွားခြင်းဖြစ်သည်။ |
| ဘာကြောင့်ရေနွေးငွေ့စနစ်အသုံးပြုလျှင်အဖြူရောင်အမှုန့်များ / အခဲများရေနွေးငွေ့အပေါက်မှထွက်လာသနည်း။(အထူးသဖြင့် ရေနွေးငွေ့အပြင်းစားသုံးနေစဉ်) ► | ထိုပေါင်ဒါမှုန့်များသည်ရေထဲမှတွေ့ရှိသောရေတွင်မပျော်ဝင်နိုင်သောအရာများ၊ဓာတ်ဆားများနှင့်အညစ်အကြေးများအားသန့်စင်စေသောစနစ်ဖြစ်သည်။အန္တရာယ်မဖြစ်စေနိုင်ပါ။အဝတ်ဖြင့်ပွတ်ပစ်ပါ။ |

# ပြဿနာဖြေရှင်းချက်

| ပြဿနာ | | အကြောင်းအရင်း၊ဖြေရှင်းချက် |
|---|---|---|
| မီးမပူခြင်း | ► | မီးပူပလပ်အားမီးခုံ(သို့)လျှပ်စစ်အောက်ခံတွင်သေချာစွာစစ်ပါ။ |
| ရေငွေ့မရလျှင် | ► | ရေလှောင်ကန်အတွင်းသို့ရေပေါက်ခေါင်းမှရေများအားအမြင့်ဆုံးအမှတ်ထိရောက်အောင်ထည့်ပါ။ |
| | ► | ရေးနွေးငွေ့မထွက်ပါကရေနွေးငွေ့/ရှိုးရှိုးရွေးသည့်ခလုတ်အားရေနွေးတွင်ထားပါ(သို့)အပူချိန်ရွေးချယ်ထားသည့်ခလုတ်အားအမြင့်ဆုံးသို့ပြောင်းပါ။ |
| | ► | ရေးနွေးငွေ့မထွက်ပါကရေနွေးငွေ့/ရှိုးရှိုးခလုတ်အားအကြိမ်ကြိမ်ပြောင်း၍ရေနွေးငွေ့အနေအထားရွေးပြီးအပူချိန်ပြင်းအားအမြင့်ဆုံးသို့ရွှေ့ပါ။ |
| ရေနွေးငွေ့ပြင်းအားကျလျှင် | ► | ရေနွေးငွေ့ပြင်းအားကျဆင်းလျှင်အပူချိန်ထိန်းညှိမှုပြမီးပွင့်၍ပြန်ပိတ်သည်အထိစောင့်ပါ။ |
| | ► | မီးပူအသုံးမပြုခင်အပူချိန်ပြမီးပိတ်သည်အထိစောင့်ပါ။ |
| | ► | အပူချိန်ရွေးချယ်မှုပြကိရိယာကိုအမြင့်ဆုံးထားပါ။ |
| ရေဖြန်း၍မရပါက | ► | ရေဖြန်းသည့်ခလုပ်ကိုအကြိမ်များစွာနှိပ်ပါ။ |
| | ► | ရေလှောင်ကန်အတွင်းသို့အမြင့်ဆုံးရေချိန်မှတ်ထိရောက်အောင်ရေဖြည့်ပါ။ |
| ရေနွေးငွေ့လွှတ်သည့်အပေါက်များမှရေကျလျှင် | ► | ရေနွေးငွေ့ပြင်းအသုံးပြုနေသောအခါခလုပ်အား၂စက္ကန့်တစ်ကြိမ်နှိပ်ပါ။ |
| | ► | မီးပူအသုံးမပြုမီအပူချိန်ထိန်းညှိမှုပြမီးပိတ်သွားသည်အထိစောင့်ပါ။ |
| အဝတ်များအရာထင်လျှင် | ► | ရေလှောင်ကန်မှရေသွန်း၍ရေအသန့်ပြန်ထည့်ပါ။ရေလှောင်ကန်ထဲတွင်ညစ်ညမ်းစေသောအရာများကြောင့်ဖြစ်သည်။ |

# အသေးစိတ်အချက်အလက်

| မော်ဒယ် | NI-M300T | NI-M250T |
|---|---|---|
| အသုံးပြုရမည့်လျှပ်စစ်ပမာဏ (ထိုင်ဝမ်မှလွဲ၍) | ၂၂၀–၂၄၀ဗို့ ~ ၅၀–၆၀ဟာတ်စ် | |
| အသုံးပြုရမည့်လျှပ်စစ်ပမာဏ (ထိုင်ဝမ်) | ၁၁၀ဗို့ ~ ၆၀ဟာတ်စ် | |
| သုံးစွဲမည့်လျှပ်စစ်ပမာဏ (ထိုင်ဝမ်မှလွဲ၍) | ၁၅၁၀–၁၈၀၀ဝပ် | ၁၃၀၀–၁၅၅၀ဝပ် |
| သုံးစွဲမည့်လျှပ်စစ်ပမာဏ (ထိုင်ဝမ်) | ၁၁၀၀ဝပ် | |
| မီးပူအလေးချိန်(မှန်းခြေ) | ၁.၀ကီလိုဂရမ် | |
| စက်၏အတိုင်းအတာ(ခန့်မှန်းခြေ) | ၂၆၇×၁၁၁×၁၃၃မီလီမီတာ | |

ဤမီးပူသည်အိမ်တွင်းအသုံးပြုရန်အတွက်သာထုတ်လုပ်ထားခြင်းဖြစ်သည်။

Panasonic Wanbao Appliances Electric Iron
(Guangzhou) Co., Ltd.

No.2 Wanbao South Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China